


# အသွင်ကူးပြောင်းရေးကာလတရားမျှတမှုဆိုင်ရာ
# မြန်မာနိုင်ငံအခြေအနေ

ajar
asia justice and rights

Network for Human Rights Documentation - Burma
ND - Burma

TRANSITIONAL JUSTICE
ASIA NETWORK

## အသွင်ကူးပြောင်းရေးကာလတရားမျှတမှုဆိုင်ရာ မြန်မာနိုင်ငံအခြေအနေ

အာရှတရားမျှတမှုနှင့် အခွင့်အရေးအဖွဲ့နှင့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)


ထုတ်ဝေခြင်း

ပထမအကြိမ်၊ ၂၀၁၇ အောက်တိုဘာ

ဒီဇိုင်း

Satoejari


### အာရှတရားမျှတမှုနှင့် အခွင့်အရေးအဖွဲ့

အာရှတရားမျှတမှုနှင့် အခွင့်အရေးအဖွဲ့ (AJAR) သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အခြေစိုက်သည့် ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့ဖြစ်သည်။ အမြစ်တွယ်နေသည့် အပြစ်ကျူးလွန်နေသူများ အပြစ်ပေးအရေးယူခြင်းမှ လွတ်မြောက်နေမှုကို တိုက်ဖျက်နေသည့် ဒေသခံနှင့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှု မြင့်တက်လာစေရန်နှင့် တာဝန်ယူ၊ တာဝန်ခံမှု၊ တရားမျှတမှုအပေါ် အခြေခံသည့် ယဉ်ကျေးမှုများတည်ဆောက်နိုင်ရန် AJAR မှ ပံ့ပိုးကူညီပေးနေပြီး အာရှပစိဖိတ်ဒေသတွင်းရှိ အကျယ်အပြန့်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှု၏ အခြေခံအကြောင်းတရားများကိုလည်း လိုလိုလားလား လေ့လာသင်ယူလျက်ရှိသည်။ ပိုမိုသိရှိလိုပါက http://asia-ajar.org တွင် ကြည့်ပါ။

### လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

ND-Burma အဖွဲ့ကို လူ့အခွင့်အရေးအဖွဲ့အစည်းများအကြား လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ရန် ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ND-Burma အဖွဲ့ဝင် ၁၃ ဖွဲ့တို့သည် မြန်မာပြည်သူတို့ ကာလကြာရှည်ခံစားနေရသည့် အမှန်တရား အဖြစ်အပျက်တို့ကို စုပေါင်းကောက်ယူ အသုံးပြုပြီး နစ်နာခဲ့ရသူများအတွက် တရားမျှတမှုအတွက် လှုံ့ဆော်စည်းရုံး ကြပါသည်။ ND-Burma မှ ဒေသခံအဖွဲ့အစည်းများအား လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း သင်တန်း ပေးခြင်း၊ အဖွဲ့ဝင်များမှ သတင်းအချက်အလက်များအား လုံခြုံစိတ်ချရသည့် Martus ဒေတာဘေ့စ်အတွင်း ထည့်သွင်းမှုကို ကူညီဆောင်ရွက်ပေးခြင်းနှင့် စည်းရုံးလှုံ့ ဆော်ရေးလုပ်ငန်း များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။
ပိုမိုသိရှိလိုပါက http://nd-burma.org တွင်ကြည့်ပါ။

### အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အာရှကွန်ရက် (TJAN)

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအာရှကွန်ရက်သည် ဒေသတွင်း အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုလုပ်ငန်းများ အပေါ် လေ့လာသင်ယူရန်နှင့် အသိ ပညာ တည်ဆောက်နိုင်ရန် ပံ့ပိုးကူညီမှုများ လုပ်ဆောင်နေသည်။

### မျက်နှာဖုံးပုံ

*ဘယ်မှ ညာသို့*

၁။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ တောင်ပေါ်စခန်း (ဓာတ်ပုံ၊ UN Multimeda/ ဒေးဗစ်အိုနာ)

၂-၃။ ND-Burma မှ ကချင်ပြည်နယ်တွင် ကျင်းပပြုလုပ်နေသည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုသင်တန်း (ဓာတ်ပုံ-ND-Burma).

# ၁။ နိဒါန်း

## *လူမှုရေး-နိုင်ငံရေးဆိုင်ရာ အခြေအနေ၊ ပဋိပက္ခနှင့် နိုပ်ကွပ်မှုများ*

မြန်မာနိုင်ငံတွင် အရေးပါသည့် ဖြစ်ထွန်းမှုများ ဖြစ်ပေါ်ပြီးသည့်နောက် ၁၉၄၈ ခုနှစ်ဇန်နဝါရီလတွင် လွတ် လပ်ရေး ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်၊ ရှမ်း၊ ချင်း တိုင်း ရင်းသားခေါင်းဆောင်များသည် ဗြိတိသျှတို့၏ သွေးခွဲမှုကို ကျော်လွှားနိုင်ခဲ့ပြီး တိုင်းရင်းသား တန်းတူ ညီမျှမှုနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အာမခံသည့် သဘောတူချက်များ ရရှိခဲ့ သည်။ သို့သော်လည်း ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီး သည့်နောက် တက်လာသည့် ခေါင်းဆောင်များက ပင်လုံသဘောတူချက်များကို လျစ်လျူရှုခဲ့ကြသည်။ ထို့နောက် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တောင်း ဆိုမှုများ ကျယ်ပြန့်လာပြီးနောက် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအ ကြား လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်။ ၁၉၆၂ ခုနှစ် တွင် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီးနောက် ပြည်တွင်းစစ်မှာ ပိုမိုကျယ်ပြန့်စွာ ဖြစ်ပွားခဲ့သည်။ တချိန် တည်းမှာပင် နိုင်ငံရေးအရ သဘောထားကွဲသူများ၊ သတင်းသမားများ၊ လူ့အခွင့်အရေးတက်ကြွ လှုပ် ရှားသူများနှင့် နိုင်ငံတော်အား ဝေဘန်ပုတ်ခတ်သူဟု သံသယရှိသူများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ထိန်းသိမ်းမှုများ၊ ညှဥ်းပန်းနှိပ်စက်မှုများနှင့်အတူ မြန်မာနိုင်ငံအတွင်း ဖိနှိပ်မှုအမြောက်အများ ဖြစ်ပေါ် လာသည်။ စစ်မက်မဖြစ်ပွားသည့်နေရာများတွင်ပင် နိုင်ငံရေးအရ သဘောထားကွဲသူများ၊ သတင်းထောက်များ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှား သူများနှင့် အစိုးရအပေါ် ဝေဘန်သူဟု သံသယဖြစ်ခံရသူများသည် အစိုးရစစ်တပ်၊ ရဲနှင့် လုံခြုံရေးဆိုင်ရာအဖွဲ့မ ျားနှင့် အာဏာပိုင်တို့၏ မတရားဖမ်းဆီး ညှဥ်းပန်းနှိပ်စက်ခံ ကြရသည် ။

စစ်တပ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတ ည်ဆောက်ရေးအဖွဲ့ (SLORC) အဖြစ် နိုင်ငံတော်အာဏာကို ၁၉၈၈ ခုနှစ်တွင် သိမ်းယူပြီးသည့်နောက် တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့အချို့နှင့် အပစ်အခတ်ရပ်စဲ ရေး သဘောတူညီမှုများ ရရှိခဲ့သည်။ ဥပမာ အနေဖြင့် ကချင်လွတ်လပ်ရေးအဖွဲ့/ တပ်မတော် (KIO/KIA) နှင့် ၁၉၉၄ ခုနှစ်တွင် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့သည်[1]။ ၂၀၁၀ ရွေး ကောက်ပွဲမတိုင်မီတွင် စစ်အာဏာပိုင်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့များအား ဒေသဆိုင်ရာ စစ်တပ်ရင်းများ၏ လက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) အ ဖြစ် ပြောင်းလဲဖွဲ့စည်းရန် ကြိုးပမ်းလာသည့်အတွက် တိုင်းရင်းသားလ က်နက်ကိုင်အဖွဲ့အချို့နှင့် စစ်တပ် အကြား သဘောထား တင်းမာလာသည်။ တချိန်တည်းတွင်ပင် စစ်တပ်မှ KIA ၏ အရေးပါသည့် စခန်း တခုအား ၂၀၁၁ ခုနှစ်တွင် စတင်တိုက်ခိုက်ခဲ့ပြီးသည့်နောက် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးမှာ ပျက်ပြားသွားခဲ့ပြီး အထူးသဖြင့် ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်နေ သည် ။

1 "Elections, Transition and Conflict," ဤနေရာတွင်ကြည့်ပါ http://www.mmpeacemonitor.org/background/background-overview

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်သည် အရပ်သားအစိုးရ၏ ထိန်းချုပ်မှုအောက်မှ လွတ်ကင်း သည့် ကိုယ်ပိုင်အုပ်ချုပ်စီမံခန့်ခွဲနိုင်သည့် အခြေအနေရှိနေပြီး ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများကို ထိန်းချုပ်နိုင်မှုနှင့်အတူ အစိုးရနှင့် အမျိုးသားလုံခြုံရေးတို့ထက် ပိုမိုသည့် အာဏာ ရရှိထားသည်။ လွှတ်တော်ထဲတွင်လည်း စစ်တပ်က ၂၅% နေရာကို အလိုအလျောက် ရရှိထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန်ကြိုးပမ်းမှုများကို ဟန့်တားနိုင်သည့် ဗီတိုအာဏာ ရရှိထား သည်။ နိုင်ငံတော်အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု အာဏာကိုလည်း ရရှိထားသည်။

၂၀၁၁ ခုနှစ် မတ်လတွင် သမ္မတဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအဖွဲ့ တက်လာပြီးနောက် ပြုပြင် ပြောင်းလဲမှုကို အရှိန်မြှင့်သည့်အနေဖြင့် နေအိမ်အကျယ်ချုပ်မှ ဆယ်စုနှစ် နှစ်ခုမျှ ကျခံပြီးနောက် လွတ်မြောက်လာသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးမှုများ စတင်ခဲ့သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စတင်ဆွေးနွေးရန် ကမ်းလှမ်းခဲ့သည်။ သမ္မတက ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီ (UPCC) နှင့် ဒုသမ္မတ စိုင်းမောက် ခမ်း ဦးဆောင်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီ (UPWC) တို့ကို ဖွဲ့ စည်းခဲ့သည်။ ဦးသိန်းစိန် အစိုးရသည် မြန်မာ့ငြိမ်းချမ်းရေးဗဟို (MPC) ကို ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ကော်မတီများကို နည်းပညာအထောက်အ ကူပေးနိုင်ရန်အတွက် ရန်ကုန် တွင် ဖွဲ့စည်းခဲ့သည်[2]။ တိုင်းရင်းသားလက်နက်ကို င်အဖွဲ့အစည်း (EAOs) ၈ ဖွဲ့က အစိုးရနှင့် အပစ်အ ခတ်ရပ်စဲရေးသဘောတူ စာချုပ် လက်မှတ်ရေးထိုးခဲ့သော်လည်း ၂၀၁၅ ခုနှစ် ပါလီမန် ရွေးကောက်ပွဲမ တိုင်မီ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူချက်(NCA) ရရှိအောင် သမ္မတအနေဖြင့် မစွမ်း ဆောင်နိုင်ခဲ့ပေ[3]။

၂၀၁၅ ရွေးကောက်ပွဲကို တောင်ပြို ကမ်းပြို အနိုင်ရပြီးသည့်နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အရပ်သားအစိုးရသည် ၂၀၁၆ ခုနှစ်တွင် အစိုးရဖြစ်လာသည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးထင်ကျော် ဦးဆောင်သည့် NLD အစိုးရသည် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်စလုံးတွင် နေရာအများစု ရရှိပြီး ၁၉၆၂ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံရသည့် အရပ်သား စစ်စစ် အစိုးရဖြစ်လာသည်။ သို့သော်လည်း ဖွဲ့စည်းပုံအရ

---

2 ၂၀၁၁ ခုနှစ် ဇန်နဝါရီ-စက်တင်ဘာ၊ မြန်မာ့လူ့အခွင့်အရေးအခြေအနေအစီရင်ခံစာ, ဤနေရာတွင်ကြည့်ပါ http://nd-burma.org/reports/report-on-the-human-rights-situation-in-burma-january-september-2011/

3 ၂၀၁၇ ခုနှစ်တွင် NCA ကို လက်မှတ်မရေးထိုးသည့် အဓိကလက်နက်ကိုင်အဖွဲ့များ မှာ ကချင်လွတ်လပ်ရေးတပ် မတော် (KIA), ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA), တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မ တော် (TNLA), ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSA-N), မြန်မာ့ဒီမိုကရေစီမဟာမိတ်တပ်မ တော် (MNDAA), အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု/ရှမ်းပြည်အရှေ့ပိုင်း (NDAA-ESS), နှင့် ရခိုင့်တပ်မတော် (AA) တို့ဖြစ်ကြပြီး ဖက်ဒရယ်နိုင်ငံရေးညှိနှိုင်းဆွေးနွေးမ ။ကော်မတီ (FPNCC) ကို အစိုးရနှင့် ဆွေးနွေးပွဲများပြုလုပ် ရန်အတွက် ဖွဲ့စည်းခဲ့သည်။

အာဏာပိုမိုရရှိနေသည့် စစ်တပ်၊ ဖိနှိပ်သည့် ဥပဒေ ပြုမှု၊ အားနည်းသည့် တရားဥပဒေစိုးမိုးရေး၊ ခြစားသည့် တရားစီရင်ရေးအပါအဝင် ခိုင်ခိုင်မာမာ အမြစ် တွယ်နေသည့် စိန်ခေါ်မှုများကို အမွေဆက်ခံဖြေရှင်းနေရသည်။ ထို့အပြင် NLD ဦးဆောင်သည့် အစိုးရ သည် စစ်တပ်ကို မထိန်းကျောင်းနိုင်ပေ။ တပ်မတော်အနေဖြင့် တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်နေသော်လည်း အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တခြားအရေးပါသော အစုအဖွဲ့ များအကြား ပြန်လည်တွေ့ဆုံ ဆွေးနွေးသည့် ၂၁ ရာစုပင်လုံညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်နေ့အထိ ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်မှ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ညီလာခံစတင်ချိန်မှစပြီး ပြင်းထန်သောတိုက်ပွဲများ မရပ်မစဲ ဆက်လက်ဖြစ်ပေါ်လျှက်ရှိသည်။

၂၀၁၇ ခုနှစ် မေလ ၂၄ ရက်နေ့တွင် အစိုးရအနေဖြင့် ပင်လုံညီလာခံ၊ ဒုတိယအစည်းအဝေးကို ကျင်းပ ခဲ့သည်။ ထိုအစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီးမင်းအောင်လှိုင်က ပြီးခဲ့သည့် အစည်းအဝေးတွင် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများ (EAOs) ဘက်မှ တင်ပြခဲ့ သည့် အခြေခံအယူအဆများသည် ဖက်ဒရယ်စနစ်ထက် ကျော်လွန်နေသည်ဟု ပြောကြားခဲ့သည်။ ဒီမို ကရေစီအခြေခံသည့် ဖက်ဒရယ်စနစ်သို့ရောက်ရှိနိုင်သည့်နည်းမှာ NCA လမ်းကြောင်းသာ ဖြစ်သည်ဟု လည်း သူက သတိပေးပြောကြားခဲ့သည်။

စစ်တပ်မှ ယခုလက်ရှိ ထိုးစစ်ဆင်နေမှုသည် KIA အား တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စာချုပ် (NCA) အားလက်မှတ်ရေးထိုးလာစေရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ တက်ရောက်လာစေရန်အတွက် ဖိအား ပေး နေပုံရသည်။ တိုက်ပွဲများက NCA လက်မှတ်မရေးထိုးသည့် လက်နက်ကိုင်အဖွဲ့များ အခြေစိုက်ရာ ရှမ်းပြည်မြောက်ပိုင်းသို့ပါ ကျယ်ပြန့်လာသည်။ ရလဒ်အနေဖြင့် လူသားချင်းစာနာသည့် ကုလသမဂ္ဂညှိနှိုင်းဆောင်ရွက်ရေးရုံး (OCHA) အချက်အလက်များအရ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် စစ်ဘေးဒုက္ခသည် ၁သိန်းနီးပါးထိ ရှိလာပြီး အများစုမှာ စစ်တပ်၏ ပိတ်ဆို့ထားခြင်းကြောင့် ရိက္ခာပြတ်လပ်မှုကို ကြုံနေရသည်။

ရိုဟင်ဂျာ စစ်သွေးကြွများ၏ တိုက်ခိုက်မှုနှင့်အတူ အကြမ်းဖက်မှုများသည်လည်း ရခိုင်ပြည်နယ်တွင် ကြီးထွားလာသည်။ ရိုဟင်ဂျာစစ်သွေးကြွ အဖွဲ့ RASA သည်လည်း အရပ်သားများအား သတ်ဖြတ်သည် ဟု စွပ်စွဲမှုများလည်း ထွက်ပေါ်လာသည်။ ၂၀၁၇ စက်တင်ဘာ ၁၇ ရက်တွင် အစိုးရတပ်များက ပြင်း ပြင်း ထန်ထန် လက်တုန့်ပြန်ခဲ့ပြီး အကျိုးဆက်အနေဖြင့် ဒုက္ခသည် ၄သိန်းကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးကြရသည်။

နိုင်ငံတကာနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ ဖိအားကြောင့် ၂၀၁၇ ခုနှစ် မတ်လ ၂၄ ရက်တွင် ကုလ သမဂ္ဂမှ ရခိုင်ပြည်နယ်နှင့် အလားတူ ကချင်ပြည်နှင့် ရှမ်းပြည်နယ်တို့နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေး ရေး ကော်မရှင်တရပ်ဖွဲ့စည်း စေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်။

## လူထုအခြေပြုအဖွဲ့အစည်းများ၏ အခြေအနေ

၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးချိန်မှစ၍ စစ်ပွဲများမဖြစ်သည့် ဒေသများရှိ လူထုအခြေပြုအဖွဲ့အစည်းများသည်လည်း အကန့်အသတ်ဖြင့်သာ လုပ်ငန်းများဆောင်ရွက်နေရပြီး ၁၉၈၈ အရေးတော်ပုံ နှင့် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးအပြီးတို့တွင် ပိုမို၍ ဖိနှိပ်မှုကို ခံကြရသည်။ တချို့မှာ ကျဉ်းမြောင်းသည့်ဘောင်အတွင်း အကန့်အသတ်ဖြင့်သာ လှုပ်ရှားခွင့်ရပြီး အချို့မှာ သုတေသနနှင့် စည်းရုံးလှုံ့ဆော်မှုများကို ထိုင်းနိုင်ငံနှင့် တခြားနိုင်ငံတို့တွင် အခြေစိုက် ဆောင်ရွက်ကြရသည်။

စစ်တပ်မှ နှစ်ပေါင်း ၅၀ ကြာ အုပ်ချုပ်ခဲ့ပြီးသည့်နောက် မြန်မာနိုင်ငံသည် ထူးခြားသော အခြေအနေ တခုအဖြစ် အသွင်ကူးပြောင်းသည့် ကာလကို ဖြတ်သန်းနေရသည်။ လက်ရှိနိုင်ငံရေး ရာသီဥတု အခြေ အနေအရ အကန့်အသတ်ရှိသည့် ရွေးချယ်မှုဖြင့်သာ နိုင်ငံတော်အဆင့် အသွင်ကူးပြောင်းမှုသာ ဆောင်ရွက်နိုင်သည့် အခြေအနေတွင် လူထုအခြေပြုအဖွဲ့အစည်း ကွန်ရက်များ၏ အခန်းကဏ္ဍသည် အထူးအရေးပါသည့် အနေအထားတွင် ရှိလာသည်။ မြန်မာပြည်ရှိ လူထုအခြေပြုအဖွဲ့အစည်းများ ဖွံ့ဖြိုးလာစေရန်အ တွက် ကြီးမားသော အဟန့်အတားမှာ အစိုးရ၏ ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှု၊ လက်ရှိ ဥပဒေများ အရ တားဆီးမှုနှင့် လက်တုန့်ပြန်မှုများကို အများအားဖြင့် ကြုံတွေ့နေရခြင်းဖြစ် သည်။

## နှစ်နာခဲ့ရသူများ၏ အခြေအနေ

တိုင်းရင်းသားဒေသတွင် ဆက်လက်ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကြောင့် လယ်ယာမြေ သိမ်းဆည်း မှုများ၊ အတင်းအဓမ္မ အလုပ်စေခိုင်းခံခြင်း၊ ကလေးစစ်သားအသုံးပြုမှု၊ အတင်းအကြပ်ရွှေ့ ပြောင်းခံရမှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အကျဉ်းရုံးသေဒဏ်စီရင်မှုများ ဖြစ်ပွားလျက်ရှိသည်။ အပစ်အခတ် ရပ်စဲရေးဒေသများတွင်လည်း သဘာဝ သယံဇာတများ ထုတ်ယူသည့် လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ တိုး ပွားလာခြင်းနှင့်အတူ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို ဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများနှင့် ဒေသခံများအပေါ် ဖိနှိပ်မှုများ ပြုလုပ်လျက်ရှိသည်။

ညှဉ်းပန်းနှိပ်စက်ခံရသူများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများနှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် လှုပ်ရှားနေသည့် အဖွဲ့အစည်းများသည် နှစ်နာခဲ့သူများတွင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးဆက်များ ခံစားနေရသည်ကို သတိပြုမိကြသည်။ ၎င်းတို့အနေဖြင့် ရေရှည်ခံစား နေရသည့် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများနှင့် စိတ်ပိုင်းဆိုင်ရာ အနာတရများ၊ စိုးရိမ်သောကများခြင့်၊ အိပ်မ ပျော်ခြင်း၊ အရှက်ရခြင်း၊ အပြစ်ရှိခြင်း၊ စိတ်ကျခြင်းနှင့် အထီးကျန်ဆန်ခြင်း တို့ကို ခံစားကြရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် လူ့အသိုင်းအဝိုင်း အပြင်ရောက်ရှိနေခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများအနေဖြင့် အသိုင်းအဝိုင်းမှ ကဲ့ရဲ့ပြစ်တင်မှုကို ခံစားကြရသည်။ အသက်မွေးဝမ်း ကျောင်း

လုပ်ငန်းများ ဖျက်ဆီးခံရသဖြင့် စီးပွားရေး အခွင့်အလမ်းနည်းသည့် နိုင်ငံတွင် ငွေကြေးအ ခက်အခဲများ ဆိုးရွားစွာ ကြုံရသည်။ အသက်ရှင်ကျန်ရစ်သူ အများအပြားမှာ ကျန်းမာရေး၊ ပညာရေး စောင့်ရှောက်မှု၊ ဥပဒေရေးရာ အထောက်အကူနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ ရရှိရန် ကင်းမဲ့နေသည် ။

နစ်နာခဲ့သူများနှင့် ၄င်းတို့၏ မိသားစုများသည် ထုတ်ဖော်ပြောဆိုရန်အတွက် လက်တုန့်ပြန်မည်ကို စိုးရိမ်ကြောင့်ကြနေရသည်။ ဥပမာအနေဖြင့် ကချင်အမျိုးသမီးငယ် ဂျာဆန်းအိမ် အသတ်ခံရမှုမျိုးဖြစ် သည်။ ၄င်းကိစ္စနှင့် ပတ်သက်ပြီး လွတ်လပ်သည့် ကော်မတီအနေဖြင့် စစ်တပ်၏ မှားယွင်းသည့်လုပ် ရပ်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း သူမ၏ ဖခင်က အဆိုပါကိစ္စနှင့် ပတ်သက်ပြီး သမ္မတ နှင့် မြန်မာ့လူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားစာပို့ခဲ့သော်လည်း စစ်တပ်အပေါ် မတရားစွပ်စွဲမှုဖြင့် ဖမ်းဆီးခံခဲ့ရသည်။

## ၂။ အတိတ်ကာလတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် ပတ်သက်ပြီး ဆောင်ရွက်မှု များ

### *တရားဝင် ဆောင်ရွက်မှု*

မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း ၅၀ ကြာပြီးသည့်နောက် သမိုင်းဝင်အလှည့်အပြောင်းအဖြစ် ဒီမိုကရေစီ နည်းကျ ရွေးကောက်တင်မြှောက်ခံရသည့် အစိုးရတရပ် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင် တာဝန်ယူခဲ့သည်။ အပြောင်းအလဲနှင့်အတူ အခွင့်အလမ်းသစ်များနှင့် ပြုပြင်ပြောင်းလဲမှုများ၊ အမျိုး သားပြန်လည်သင့်မြတ်ရေးနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုအတွက် မျှော်လင့်ချက်များ ကျယ်ကျယ်ပြန့်ပြန့် ရှိလာသည်။ အစိုးရသစ်တက်လာပြီးသည့်နောက် ပထမ အပတ်များတွင်ပင် ပေးထားသည့်ကတိနှင့်အတူ နိုင်ငံ တော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးမည်ဟု ကြေငြာခဲ့သည်။ ကြေငြာခဲ့ပြီးသည့်နောက် လွတ်ငြိမ်း ချမ်းသာခွင့်များဖြင့် တက်ကြွလှုပ်ရှားသူများ လွှတ်မြောက်ခဲ့သည်။

သို့သော်လည်း အပြုသဘောဆောင်သည့် အပြောင်းအလဲများအတွက် မေ ျှာ်လင့်ချက်များ ထားရှိနေ သော်လည်း တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ နေရာအချို့တွင် ကျယ်ပြန့်စွာ ဖြစ်ပွားလာပြီးနောက် လူ့အသက်ပေါင်း ထောင်နှင့်ချီ၍ ထိခိုက်ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားလာခြင်းနှင့် အမျိုးသားပြန် လည်သင့်မြတ်ရေးဖြစ်စဉ်ကို ထိခိုက်မှုများဖြစ်ပေါ်စေခဲ့သည်။

လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့သည့် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပြီးမှစ၍ ဗုဒ္ဓဘာ သာဝင်နှင့် မွတ်စလင်ဘာသာဝင်များ သီးခြားစီ နေထိုင်နေကြသည့် ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုများ ကို စုံစမ်းစစ်ဆေးရန်အတွက် ဒေါ်အောင်ဆန်းစုကြည်က အဖွဲ့ဝင် ၉ ဦးပါသည့် စုံစမ်းရေးကော်မရှင်ကို

ဖွဲ့စည်းပေးခဲ့သည်။ နယ်စပ်စခန်းကို စစ်သွေးကြွများက တိုက်ခိုက်အပြီး စစ်တပ်က နိမ်နင်းရေးများပြု လုပ်ပြီးသည့်နောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးဆောင်း ကိုဖီအာနန် ဦးဆောင်သည့် ထို ကော်မရှင်သည် ရခိုင်ပြည်နယ်သို့ ဒီဇင်ဘာ ၂၀၁၆ တွင် ရောက်ရှိခဲ့သည်။ စစ်တပ်၏ ရှင်းလင်းမှုအ တွင်း အနည်းဆုံး ၈၆ ဦးသေဆုံးကာ ခန့်မှန်းခြေအားဖြင့် လူ ၂၂၀၀၀ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် ထွက် ပြေးကြရသည်။ OCHA ၏ ခန့်မှန်းချက်အရ ရခိုင်ပြည်နယ်အတွင်း လူပေါင်း ၁သိန်း ၂သောင်းကျော် နေရပ်ရင်းမှ ထွက်ပြေးတိမ်းရှောင် အခြေချနေထိုင်နေကြသည်။

ဇန်နဝါရီ ၂၀၁၇ တွင် ရခိုင်ကော်မရှင်က အစိုးရစစ်တပ်၏ ချိုးဖောက်မှုများမှာ အခြေအမြစ်မရှိကြောင်း ငြင်းဆိုထားသည့် ကြားဖြတ်အစီရင်ခံစာ ထုတ်ပြန်သည်။ တရက်တည်းတွင်ပင် လက်နက်ကိုင်ဆောင် ထားခြင်းမရှိသည့် ရိုဟင်ဂျာ အမျိုးသားကို ရဲအရာရှိများက ရိုက်နက်နေသည့် ဗီဒီယိုဖိုင်လည်း လူမှု ကွန်ရက်တွင် ထွက်ပေါ်လာသည်။ ကော်မရှင်၏ အစီရင်ခံစာသည် ပြည်တွင်း၊ ပြည်ပရှိ NGO များ၊ လူ့ အခွင့်အရေးလှုပ်ရှားသူများ၏ အပြင်းအထန်ဝေဖန်မှုကို ခံရသည်။

တချိန်တည်းမှာပင် အသွင်ကူးပြောင်းရေးကာလတရားမ ျှတမှုကို ဖော်ဆောင်မည့် အပြုသဘော ဆောင်သည့် အရွှေ့များကို တွေ့ရသည်။ ဥပမာအနေဖြင့် ၂၀၁၇ ခုနှစ် မေလတွင် နိုင်ငံခြားသားအဖြစ် ခံယူသွားသူ (သို့မဟုတ်) ပြောင်းရွှေ့နေထိုင်သူ မြန်မာနိုင်ငံသားဟောင်းများကို နိုင်ငံသားအဖြစ် ပြန် လည်အသိအမှတ်ပြုပေးခဲ့သည်။ အခြားအရွှေ့တခုမှာ မြေယာပြန်လည်ပေးအပ်ရန် ဆောင်ရွက်ခြင်းဖြစ် ပြီး နေပြည်တော်၊ ဧကရာဇ်နသီရိတွင် ယခင်အစိုးရလက်ထက်က သိမ်းယူခဲ့သည့် မြေဧက ၁၄၀ ကျော်အား မူလပိုင်ရှင်များအား ပြန်လည်ပေးအပ်နိုင်ရန် ၂၀၁၇ ခုနှစ် ဖွန်လကုန်တွင် စတင်စုံစမ်းမှုများ ပြုလုပ်ခဲ့ သည်။ ဖွန်လတွင်ပင် မကွေးတိုင်းဒေသကြီးတွင် အစိုးရဝန်ထမ်းများအတွက် အိမ်ယာဆောက်လုပ်ရန် သိမ်းဆည်းခံခဲ့ရသည့် လယ်ယာမြေများအတွက် လယ်သမားများအား လျော်ကြေးပေးခဲ့သည်။ အလား တူပင် ကချင်ပြည်နယ် လွှတ်တော်မှလည်း သိမ်းဆည်းထားသည့် မြေလွတ်၊ မြေရိုင်းများအား မူလ ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန် မဲခွဲဆုံးဖြတ်ခဲ့သည်။ အစိုးရ၏ အကျဉ်းထောင်ပြင်ဆင်ရေး လုပ်ငန်း စဉ် အစိတ်အပိုင်းတရပ်အနေဖြင့် ၂ မန်မာ့လူ့အခွင့်အရေးကော်မရှင်သည် အကျဉ်းထောင် အသီးသီးသို့ ၅ ရက်ကြာ သွားရောက်လေ့လာကြသည်။

## *တရားမျှတမှု*

စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ သည် အရပ်ဖက် တရားရုံးများတွင် စစ်ဆေးခြင်းမရှိပဲ စစ်ခုံရုံး ဖြင့်သာ စစ်ဆေးသည့်အတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ကင်းမဲ့နေသည်။ သို့သော်လည်း တရားမျှတမှုနှင့် ပတ်သက်ပြီး အကန့်အသတ်ရှိသည့် တိုးတက်မှု အချို့ကို တွေ့မြင်ရသည်။ ပထမ ဖြစ်စဉ် အနေဖြင့် ၂၀၁၆ ခုနှစ် ဖွန်လနှောင်းပိုင်းတွင် ရှမ်းပြည်မြောက်ပိုင်း မိုင်းယွန်းကြီး ကျေးရွာမှ ရွာ သား ၅ ယောက်သည် ၄င်းတို့၏ ယာခင်းအတွင်း ခမရ ၃၆၂ မှ စစ်သားများ၏ ဖမ်းဆီးခြင်း ခံခဲ့ရသည်။ နောက်တနေ့တွင် အဆိုပါ ရွာသား ၅ ဦး၏ ရုပ်အလောင်းများကို တောင်ခြေအနီးရှိ ပြောင်းဖူးခင်းတွင် မြှုပ်နှံထားသည်ကို

၎င်းတို့၏ မိသားစုဝင်များက တွေ့ရှိကြသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် စစ်ခုံရုံးမှ အဆိုပါ ကိစ္စနှင့် ပတ်သက်ပြီး စစ်သား ၇ ယောက်တွင် တာဝန်ရှိကြောင်းဆုံးဖြတ်ပြီး ၎င်းတို့၏ တာဝန်များကို ရုပ်သိမ်းကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ် ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံရှိ စစ်ခုံရုံးများ၏ ထူးခြားချက်မှာ အမှုစစ်ဆေး စီရင်ဆုံးဖြတ်ချက်များကို အများပြည်သူရှေ့မှောက်တွင် ပြုလုပ်ခြင်းမဟုတ်ပဲ နစ်နာသူများ၏ မိသားစုများသာ တက်ရောက်လေ့လာနိုင်ခြင်းဖြစ်သည်။

ဒုတိယဖြစ်စဉ်အနေဖြင့် လက်နက်ကိုင်ဆောင်ထားခြင်း မရှိသည့် တက္ကသိုလ်ကျောင်းသား ဂွမ်ဆန်း အောင်အား သတ်ဖြတ်မှုဖြင့် စစ်သားများအား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန် ကချင် ပြည်နယ် စစ်ခုံရုံးမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဗလမင်းထင် တံတားရှိ အစောင့် စစ်သားများနှင့် ကချင်လူငယ်များ စကားများကြပြီးနောက် ၁၉ နှစ်အရွယ် ကျောင်းသားအား တပ်သား မောင်မောင်က ဖွန်လ ၂၀ ရက်နေ့တွင် မြစ်ကြီးနား၌ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကိစ္စ နှင့်ပတ်သက်ပြီး ကချင်ပြည်နယ်နှင့် ရန်ကုန်မြို့တို့တွင် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ သေဆုံး သူကျောင်းသား၏ မိဘများက ဆုံးဖြတ်ချက်ကို မကျေနပ်သော်လည်း စစ်သားများ လူ့အခွင့်အရေး ချိုး ဖောက်သော်လည်း အရေးယူခြင်းမခံရသည့် အခြေအနေတွင် ဒုတိယဖြစ်စဉ်အဖြစ် အရေးယူမှု ဖြစ် သည်ကိုတွေ့ရသည်။

စစ်တပ်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်သည့် စစ်သားများအား လွှတ်လပ်၊ ပွင့်လင်းစွာ စစ်ဆေးနိုင် မည့် အရပ်သား တရားရုံးများသို့ လွှဲပြောင်းပေးအပ်ရိုး ထုံးစံမရှိပေ။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုမရှိသည့်အတွက် စစ်တပ်အနေဖြင့် ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်းမှ ကင်း လွတ်ကာ ဆက်လက်ချိုးဖောက်နေကြသည်။ ဥပမာ အနေဖြင့် ၂၀၁၅ ခုနှစ်တွင် စစ်တပ်မှ မုဒိန်းကျင့် သတ်ဖြတ်ခံရသည့် ကချင်အမျိုးသမီး စေတနာ့ဝန်ထမ်းဆရာမများနှင့် ၂၀၁၁ ခုနှစ်တွင် ပျောက်ဆုံး သွားသည့် ဆွန်လွတ်ရွယ်ဂျာ ကိစ္စများဖြစ်သည်။

## *လူထုအခြေပြုအဖွဲ့အစည်းများ၏ ဆောင်ရွက်မှု*

### အမှန်တရား ဖော်ထုတ်ခြင်း

အမှန်တရား ထုတ်ဖော်ပြောဆိုပွဲများနှင့် လူ့အခွင့်အရေးမှတ်တမ်းတင်မှုများကို နစ်နာသူများ၊ ၎င်းတို့၏ မိသားစုများက လူထုအခြေပြုအဖွဲ့အစည်းများနှင့် ရပ်ရွာအတွင်း သြဇာရှိသည့် ဘာသာရေးအဖွဲ့အစည်း များ၏ အကူအညီဖြင့် ဆောင်ရွက်ကြသည်။ ဥပမာ အနေဖြင့် စစ်တပ်၏ သတ်ဖြတ်ခြင်းခံရသည့် အလွတ်သတင်းထောက် ကိုပါကြီး ကိစ္စနှင့် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်စွာ မုဒိန်းကျင့် သတ်ဖြတ် ခံရသည့် ကချင်ဆရာမနှစ်ဦး ကိစ္စဖြစ်သည်။

၂၀၁၇ ခုနှစ် ဖွန်လ ၁၆ ရက်နေ့တွင် ကျရောက်သည့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များ ပပျောက်ရေး နိုင်ငံတကာနေ့ကို အမျိုးသမီးအခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်နေသည့် ဒေသခံ အဖွဲ့အစည်းများမှ ကျင်းပကြပြီး

လုံခြုံရေးတပ်ဖွဲ့များက မုဒိန်းမှုများ ဆက်လက်ကျူးလွန်သော်လည်း အပြစ်ပေးခြင်းမရှိသည်ကို မီးမောင်းထိုးတင်ပြကြသည်။ ရက်များမကြာမီမှာပင် ဖွန်လ ၂၁ရက်နေ့တွင် ဝိမုတ္တိအမျိုးသမီးအဖွဲ့အစ ည်းနှင့် ND-Burma မှ Reparation လုပ်ငန်းအဖွဲ့ဝင်များသည် ဒီမိုကရေစီအ ရေးတိုက်ပွဲတွင် ပေးဆပ်ခဲ့ရမှုများအတွက် အသိအမှတ်ပြုပေးရန်တောင်းဆိုသည့် နိုင်ငံရေးအ ကျဉ်းသူ ဟောင်းများနှင့်အတူ အခမ်းအနားတရပ်ကို ကျင်းပကြသည်။

## အထိမ်းအမှတ် အမှတ်တရများ

ရှစ်လေးလုံးအထိမ်းအမှတ်ပြတိုက်သည် ရှစ်လေးလုံးကာလ သမိုင်းဖြစ်ရပ်မှန်များကို သင်ခန်းစာယူပြီး အမျိုးသားရင်ကြားစေ့ရေးအတွက် အထောက်အကူဖြစ်စေရန် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းမှ ဦးဆောင်ဖွင့်လှစ်ထားခြင်းဖြစ်သည်။ နိုင်ငံ ရေးအကျဉ်းသားဟောင်းများအနေဖြင့် လည်း မြန်မာပြည်ရှိ တခြားအရပ်ဒေသများတွင် အမှတ်တရ အထိမ်းအမှတ်များ ပြုလုပ်လ ျက်ရှိသည်။ ဥပမာအနေဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ၂၀၁၆ ဒီဇင်ဘာလ ၃၁ ရက်နေ့က ရှစ်လေးလုံး အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူဖွင့်လှ စ်ခဲ့ခြင်းဖြစ်သည်။ လူထုအခြေပြုအဖွဲ့အစည်းများ၏ အခြား သော ဦးဆောင်ကြိုးပမ်းမှုများအနေဖြင့် ကချင်စစ်ပွဲ နှစ်ပတ်လည်နေ့များနှင့် ကချင်ဆရာမလေး နှစ်ဦး မုဒိန်းကျင့် သတ်ဖြတ်ခံရသည့်နေ့ အောက်မေ့ဖွယ်အခမ်းအနားများ ကျင်းပြကြခြင်းဖြစ်သည်။

*မြန်မာပြည်၏ နေ့ဝင်ချိန်* ကဲ့သို့သော ရုပ်ရှင်ကို ရန်ကုန်မြို့တွင် ၂၀၁၆ ခုနှစ်က ကျင်းပသည့် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိ က္ခာရုပ်ရှင်ပွဲတော်တွင် ပြသခွင့် မရခဲ့ခြင်းမျိုးဖြစ်သည်။ အဆိုပါရုပ်ရှင်မှာ ရှမ်းမင်းသားတပါးကို လက်ထပ်ခဲ့သည့် သြစတြီးယား ကျောင်းသူတယောက်၏ ဖြစ်ရပ်မှန် ဇာတ်လမ်း ဖြစ်သည်။ ရှမ်းမင်းသားမှာ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက် အကျဉ်းချ၊ သတ်ဖြတ်ခံခဲ့ရပြီး တိုင်းရင်းသားအချင်းချင်းကြား စိတ်ဝမ်းကွဲစေရန်နှင့် တပ်မတော်၏ ဂုဏ်သိက္ခာထိခိုက်စေသည်ဟု စွပ်စွဲပြီး ပြသခွင့် ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

နစ်နာခဲ့သူများနှင့် ၄င်းတို့ဆွေမျိုးများအား ငွေကြေးအနည်းငယ်နှင့် ရေတိုအတွက်သာ ထောက်ပံ့မှုကို နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP), ဦးဝင်းတင်ဖောင်ဒေးရှင်းနှင့် မေတ္တာအိုးဝေ ဖောင်ဒေးရှင်းတို့ကဲ့သို့ အရပ်ဖက်အဖွဲ့အစည်းများကသာ ဆောင်ရွက်ကြသည်။ ND-Burma ကဲ့သို့ အခြားအဖွဲ့အစည်းများက နစ်နာခဲ့သူများ၏ ဘဝထူထောင်ရေးအပါအဝင် ၄င်းတို့အပေါ် အစိုးရမှ ပိုမိုထောက်ပံ့ပေးရေးအတွက် စည်းရုံးလှုံ့ဆော်လျှက်ရှိသည်။ အမေရိကန် အလှူရှင်အဖွဲ့အ စည်း တခုဖြစ်သည့် FHI 360 အဖွဲ့သည် နိုင်ငံရေးအကျဉ်းသားဟောင်းများ သတင်းဌာနများနှင့် အရပ်ဖက်အဖွဲ့အစည်းများတွင် ၆ လကြာ အလုပ်သင်အဖြစ် လုပ်ကိုင်နိုင်မည့် အခွင့်အလန်းများကို အကောင်အထည်ဖော်ပေးလျှက်ရှိသည်။

## *ထပ်မံမဖြစ်ပေါ်စေရန် ဆောင်ရွက်မှု*

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပဲခူးတိုင်းဒေသကြီးရှိ ကျောင်းများတွင် လူ့အခွင့်အရေးဟောပြောမှု ၇၃ ကြိမ်ပြုလုပ်နိုင်ခဲ့သည်။ စက်တင်ဘာကုန်တွင် ကျောင်းသား ၁၀၀

နှင့် ၇၀၀ကြား ဟောပြောပွဲများတွင် ပါဝင်နိုင်ခဲ့သည်။ အဆိုပါအစီအစဉ်ကို ND-Burma ၏ အဖွဲ့ဝင်ဖြစ်သည့် AAPP မှ ဆောင်ရွက်ခဲ့ခြင်းဖြစ် ပြီး ကျောင်းသုံးသင်ရိုးညွှန်းတန်းများတွင် လူ့အခွင့်အရေးပညာပေးရေး အစီအစဉ် တရားဝင် ပါရှိစေရန် ကြိုးပမ်းဆောင်ရွက်မှုဖြစ်သည်။

## ၃။ အနာဂတ်အတွက် စိန်ခေါ်ချက်များ၊ သင်ခန်းစာများနှင့် နိဂုံး

မြန်မာနိုင်ငံတွင် တရားမျှတမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုကို ရရှိရန် ခက်ခဲနေသေးသည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၄၅ တွင် "ယခင်က တာဝန်ယူခဲ့သည့် (နဝတ/နအဖ) ဖြစ်စေ၊ အဖွဲ့ဝင် တဦးဦးကိုဖြစ်စေ၊ အစိုးရအဖွဲ့ဝင် တဦးဦး၏ တာဝန်အရ ဆောင်ရွက်ချက်များအပေါ် တရားစွဲဆိုခြင်း၊ အ ရေးယူခြင်းမရှိစေရ" ဟု ပြဋ္ဌာန်းထားသည်။ အဆိုပါ ပုဒ်မကို လွတ်ငြိမ်းချမ်းသာခွင့်အဖြစ် လူသိများသည်။ ထို့ပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံတော်အကြီးအကဲဟောင်းနှင့် လုံခြုံရေး ဥပဒေကလည်း ယခင်အစိုးရအကြီးအကဲဟောင်းများအတွက် အကာအကွယ် အခိုင်အမာယူ ထုတ်ပြန် ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်မျှတသည့် တရားစီရင်ရေးစနစ်မရှိသည့်အတွက် ဆွန်လွတ်ရှယ်ဂျာ ပျောက်ဆုံးမှုနှင့် ကိုပါကြီး အသတ်ခံရမှုကဲ့သို့ အမှုများကို ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သည် ၂၀၁၅ ရွေးကောက်ပွဲကို တောင်ပြိုကမ်းပြို အနိုင်ရပြီးသည့် နောက် ၄င်းတို့အပေါ် လူထုမျှော်လင့်ချက်မှာ ကြီးမားခဲ့သည်။ NLD ကို ဦးဆောင်နေသည့် ဒေါ်အောင်ဆန်းစုကြည်သည် လူ့အခွင့်အရေး၊ အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ ဥပဒေစိုးမိုးရေး နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ကာလကြာရှည်စွာ တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ သို့သော် လည်း ၂၀၀၈ ဖွဲ့စည်းပုံအရ တပ်မတော်အား အကာအကွယ်ပေးထားမှုအောက်တွင် အပြောင်းအလဲ များ ပြုလုပ်နိုင်မည်မဟုတ်သည်ကို များမကြာမီမှာပင် ထင်ရှားစွာတွေ့မြင်လာရသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တပ်မတော်ကို အာဏာဆက်လက်ရရှိနေစေခြင်းသည် မြန်မာနိုင်ငံတွင် စစ်မှန် သည့် ဒီမိုကရေစီစနစ်တည်ဆောက်ရန် အတားအဆီးဖြစ်နေစေသည်။

အကြမ်းဖက်မှုများကြောင့် သက်တမ်းနုနယ်သည့် ဒေါ်အောင်ဆန်းစုကြည် အစိုးရအား အကြပ်ရိုက်စေ ခဲ့ပြီး ငြိမ်းချမ်းရေးနိဗ္ဗာန်ဆုရှင်သည် အကြပ်အတည်းများအတွက် ဖြေရှင်းပေးနိုင်ခြင်းမရှိဟု နိုင်ငံတ ကာမှ ဝေဖန်လာသည်။ ရိုဟင်ဂျာ လူနည်းစုများ၏ နိုင်ငံသားဖြစ်မှုနှင့် အခြေခံရပိုင်ခွင့် များအတွက် ငြင်းပယ်မှုများရှိနေသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကြပ်အတည်းများက မြန်မာ့ဒီမိုကရေစီ အကူး အပြောင်းအတွက် မကြုံဖူးသည့် ဖိအားများဖြစ်ပေါ်စေသည်။

## အကြံပြုချက်များ

- စစ်တပ်၏ကျင့်ဝတ်စည်းကမ်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် နိုင်ငံတကာမှ လွတ်ပ်သည့် စောင့်ကြည့်ရေးယန္တရားများအပါအဝင် စစ်မှန်ပြီး ပြည့်စုံသည့် အပစ်အခတ်ရပ်စဲရေးရရှိစေရန်။
- အရပ်ဖက်အဖွဲ့အစည်းများ ပါဝင်ပြီး အတိတ်ကာလနှင့် လက်ရှိကာလ လူ့အခွင့်အရေးချိုး ဖောက်မှုများကို ဆွေးနွေးရန်နှင့် နစ်နာသူများနှင့် ရပ်ရွာအသိုင်းအဝိုင်းရှိ ချိုးဖောက်မှုများ၏ ထိခိုက်မှုနှင့် ဖြစ်နိုင်ချေရှိသည့် ကုသများကို ပြည့်ပြည့်ဝဝ ဆွေးနွေးညှိနှိုင်းရန်။
- နောက်ဆုံး အတည်ဖြစ်သည့် ငြိမ်းချမ်းရေးစာချုပ်၏ အစိတ်အပိုင်းအနေဖြင့် အစိုးရတပ်များနှင့် တခြားသော လက်နက်ကိုင်အဖွဲ့များပါ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေမှုများ အဆုံးသတ်စေ ရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တာဝန်ယူ၊ တာဝန်ခံမှု ရှိစေရန်။
- လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် (ကျူးလွန်သူများအား တရားစွဲခြင်းအပါအဝင်) လွတ် လပ်ပြီး၊ သမာသမတ်ကျကျ စုံစမ်းဖော်ထုတ်ရန်နှင့် နစ်နာသူများနှင့် မျက်မြင်သက်သေများ အပေါ် ခြိမ်းခြောက်မှုရှိသည့် တရားစီရင်ရေးစနစ်အား ပြင်ဆင်ရန်။
- ကုစားရေး လုပ်ငန်းစဉ်ကို စတင်သည့်အနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများက ဒေသဆိုင်ရာ အမှန်တရားဖော်ထုတ်ပွဲများ အကောင်အထည်ဖော်ရန်။ တရားဝင် အမှန်တရားဖော်ထုတ်ရေး ကော်မရှင် မပေါ်ပေါက်မီ NLD အစိုးရအနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နစ်နာခဲ့ရသူများ၏ ခါးသည်းသည့် အတွေ့အကြုံများအား အသိအမှတ်ပြုရန်နှင့် အရပ်ဖက်အဖွဲ့ အစည်းများ၏ ဆောင်ရွက်ချက်များအပေါ် အထောက်အကူပေးရန်။
- အစိုးရအနေဖြင့် ရေတိုနှင့် ရေရှည် ပြန်လည်ကုစားရေးမူဝါဒများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင် ရွက်ရန်။ ရှေးဦးစွာ အတိတ်ကာလမှ ဖြစ်ရပ်များအား လူထုမှ အသိအမှတ်ပြုစေရန်နှင့် ဆက်လက်ဖြစ်ပေါ်နေသည့် ချိုးဖောက်မှုများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေး လုပ်ငန်းစဉ်များ ဖြင့် နစ်နာသူများ၏ အရေးပေါ် လိုအပ်နေမှုကို ဖော်ထုတ်ရန်။
- အောက်ပါ အသက်ရှင်ကျန်ရစ်သူများအား အပြည့်အဝ ကုစားခြင်းနှင့်အတူ အားလုံးအတွက် လူမှုရေးဝန်ဆောင်မှုစနစ်ကို တည်ဆောက်ရန်
- (က) ဒဏ်ရာရရှိသူနှင့် နာမကျန်းသူများ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန်
- (ခ) ရပ်ရွာအသိုင်းအဝိုင်းအဆင့် စိတ်ဒဏ်ရာကုစားခြင်းဆိုင်ရာ မဟာဗျူဟာများ အပါအဝင် သင့်လျော်သည့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးအဖြေရှာမှုများ ပြုလုပ်ရန်။
- (ဂ) ပညာရေး၊ အသက်မွေးဝမ်းကျောင်း သင်တန်း၊ အလုပ်ရရှိရေးအခွင့်အလန်းနှင့် အရင်းအ နှီးများ ရရှိစေခြင်းအပါအဝင် ချိုးဖောက်မှုများကြောင့် ဖြစ်ပေါ်လာသည့် လူမှုရေး၊ စီးပွားရေး

နောက်ဆက်တွဲ ဆိုးကျိုးများကို ဖော်ထုတ်ရန်။

- ကုလသမဂ္ဂ၏ ညှဉ်းပန်းနှိပ်စက်မှုနှင့်ဆိုင်သည့် အထူးကိုယ်စားလှယ် တောင်းဆိုထားသည့် စစ်တပ်သည် နိုင်ငံ၏ တရားစီရင်ရေးနှင့် ဥပဒေဘောင်၏ အထက်တွင်ရှိနေမှုနှင့် အရပ်သား အစိုးရ၏ ထိန်းချုပ်၊ စောင့်ကြပ်မှုပြင်ပတွင်ရောက်ရှိနေမှုကို ရုပ်သိမ်းရန်။ (က) စစ်သားများ ရာဇဝတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရပါက အရပ်သားခုံရုံးတွင် တရားစွဲဆိုရန် (ခ) တပ်မတော်နှင့် ရဲတပ်ဖွဲ့အပါအဝင် လုံခြုံရေးတပ်ဖွဲ့များသည် အရပ်သားအစိုးရ၏ ထိန်းချုပ်မှု နှင့် စောင့်ကြပ်မှုရှိစေရန်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အပါအဝင် စစ်တပ်မှ ချိုးဖောက်ကျူးလွန်နေသော်လည်း စစ်ခုံရုံးများကြောင့် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှုကို ရပ်စဲရန် ။

## ရက်စွဲအလိုက် ဖြစ်ရပ်များ။ မြန်မာ

| | |
|---|---|
| လွတ်လပ်ရေးရရှိခြင်း | |
| ၁၉၄၈ | မြန်မာနိုင်ငံသည် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရခဲ့ပြီး ဦးနုက ဝန်ကြီးချုပ်အဖြစ် အုပ် ချုပ်ခဲ့သည်။ |
| တပါတီစနစ်၊ စစ်တပ်ဦးဆောင်သည့်နိုင်ငံ | |
| ၁၉၅၈-၁၉၆၀ | ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် အိမ်စောင့်အစိုးရ အာဏာရ လာသည်။ |
| ၁၉၆၀ | ဦးနုဦးဆောင်သည့် ပါတီက ရွေးကောက်ပွဲတွင် ပြတ်ပြတ်သားသား အနိုင်ရရှိသော် လည်း၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြိုးပမ်းမှုနှင့် ခွဲထွက်ရေးအပေါ် သည်း ခံနေမှုက စစ်တပ်ကို အမျက်ထွက်စေသည်။ |
| ၁၉၆၂ | ဗိုလ်ချုပ်နေဝင်း စစ်အာဏာသိမ်းပြီးနောက် ဖက်ဒရယ်စနစ်ကို ဖျက်သိမ်း၊ စီးပွားရေးကို နိုင်ငံပိုင်ပြုလုပ်၍ "မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်" ကို ကျင့်သုံး၊ တပါတီစနစ်ကို စတင်ခဲ့ပြီး လွတ်လပ်သည့် သတင်းစာများကို ပိတ်ပင်ခဲ့သည်။ |
| ၁၉၇၄ | ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် စစ်တပ်မှ စစ်ခေါင်းဆောင်ဟောင်းများ ဦးဆောင်သည့် ပြည်သူ့လွှတ်တော်သို့ အာဏာလွှဲခဲ့သည်။ |
| ၁၉၇၅ | တိုင်းရင်းသားများက အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုဖွဲ့ကာ ပြောက်ကျားစစ်ဆင်ရေး ကို စတင်ခဲ့သည်။ |

| | |
|---|---|
| ၁၉၈၁ | ဦးနေဝင်းသည် ဗိုလ်ချုပ်ဟောင်း ဦးစန်းယုအား သမ္မတအဖြစ် လွှဲပေးသော်လည်း မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌအဖြစ် ဆက်ရှိနေသည်။ |
| ၁၉၈၂ | မြန်မာနိုင်ငံသားဥပဒေကို ပြဌာန်းပြီး တိုင်းရင်းသားများဖြစ်သည့် ကချင်၊ ကရင်၊ ချင်းတို့ အား တွဲဖက်နိုင်ငံသားအဖြစ်သာ ခွင့်ပြုပြီး အများပြည်သူရုံးများတွင် တာဝန်ထမ်း ဆောင်နိုင်မှုမှ ဖယ်ချန်ထားသည်။ |
| အရေးအခင်းများနှင့် ဖိနှိပ်မှုများ | |
| ၁၉၈၈ | ၁၉၈၇ ခုနှစ်တွင် ငွေစက္ကူများ ဖျက်သိမ်းခံရပြီးနောက် ၁၉၈၈ ခုနှစ် မတ်လမှ စတင်ကာ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သည်။ ၁၉၈၈ ဩဂုတ်လ ၈ ရက် (ရှစ်လေး လုံးအရေးတော်ပုံ) အား စစ်တပ်မှ အကြမ်းဖက်နှိမ်နင်းရာ လူ ၁၀၀၀ ခန့် သေဆုံး သည်။ စစ်တပ်က အာဏာသိမ်းပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ငြိမ်ပိ) ကိုဖွဲ့စည်းအုပ်ချုပ်သည်။ ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် (NLD) ကို အခြားခေါင်းဆောင်များနှင့်အတူ ဖွဲ့စည်းခဲ့သည်။ |
| ၁၉၈၉ | ငြိမ်ပိက စစ်အုပ်ချုပ်ရေးကြေငြာပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် စည်းရုံးလှုံ့ ဆော်သူများအပါအဝင် ထောင်ပေါင်းများစွာကို ဖမ်းဆီးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်လည်း နေအိမ်အကျယ်ချုပ်ချထားခြင်းခံရသည်။ အစိုးရက တိုင်းပြည်၏နာမည် ကို မြန်မာဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ |
| လွတ်လပ်သည့် ရွေးကောက်ပွဲဖြစ်သော်လည်း ဒီမိုကရေစီရေးလှုပ်ရှားမှုမှာ ဆက်လက်ဖိနှိပ်ခံနေရခြင်း | |
| ၁၉၉၀ | နှစ်ပေါင်း ၃၀နီးပါးအကြာတွင် ပထမဆုံးအကြိမ် လွတ်လပ်သည့်ရွေးကောက်ပွဲ ကျင်းပ ပြီး အတိုက်အခံ NLD ပါတီက နေရာ ၈၀ ကျော်တွင် အနိုင်ရခဲ့သည်။ စစ်အစိုးရက ရွေး ကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့သည်။ |
| ၁၉၉၁ | ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ် ကျခံနေရသည်။ ဒီမိုကရေစီရေးအ တွက် အကြမ်းမဖက်တိုက်ပွဲဝင်ခဲ့သဖြင့် ငြိမ်းချမ်းရေးနိဘယ်ဆု ရရှိခဲ့သည်။ |

| | |
|---|---|
| ၁၉၉၄ | ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၇ နှစ်ကြာ တည်တံ့ခဲ့သည်။ |
| ၁၉၉၅ | ဇူလိုင်လ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် ၆ နှစ်ကြာ နေအိမ်အကျယ် ချုပ် ကျခံနေရာမှ လွတ်မြောက်လာခဲ့သည်။ |
| ၁၉၉၆ | မေလတွင် ဒီမိုကရေစီရေး အစည်းအဝေးပွဲကို ပိတ်ဆို့၍ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသူ ၇၁ ဦးကို စစ်အစိုးရက ဖမ်းဆီးခဲ့သည်။ တက္ကသိုလ်များ အပိတ်မခံရမီ ဒီ ဇင်ဘာ ၃ ရက်တွင် ရွှေတိဂုံဘုရားအပြင်ဘက်ရှိ ရာနှင့်ချီသည့် ဆန္ဒပြကျောင်းသား များကို စစ်အစိုးရက ဖြိုခွင်းပြီး ဒါဇင်နှင့်ချီသည့် ကျောင်းသားများကို ဖမ်းဆီးခဲ့သည်။ ငြိမ်ပိက NLD ကိုယ်စားလှယ် ၂၀၀ ကျော်ကို ဖမ်းဆီးခဲ့သော်လည်း ဒေါ်အောင်ဆန်းစု ကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် NLD ညီလာခံသို့ တက်ရောက်ခဲ့သည်။ |
| ၁၉၉၇ | ဖေဖော်ဝါရီလတွင် တိုက်ပွဲများမှ ထွက်ပြေးလာသည့် ကရင်ဒုက္ခသည် ထောင်ပေါင်း များစွာ ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့သည်။ နိုဝင်ဘာလတွင် ငြိမ်ပိက နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ (နအဖ) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ |
| နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ခြင်းနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ | |
| ၁၉၉၈ | မေလတွင် ဒီမိုကရေစီရေးလှုပ်ရှားသူများက ၁၉ ၉ ၀ ရွေးကောက်ပွဲ အောင်မြင်မှုကို စစ်အစိုးရက ပယ်ဖျက်ခဲ့သည့် အထိမ်းအမှတ်ကို ကျင်းပသည်။ ပထမဆုံးအကြိမ် တရားဝင် စုရုံးခဲ့ခြင်းဖြစ်ပြီး ၁၉ ၈၈ ခုနှစ် အထိမ်းအမှတ်ပွဲကိုလည်း ကျင်းပခဲ့သည်။ |
| ၂၀၀၀-၂၀၀၁ | ထိုင်းနိုင်ငံအခြေစိုက် ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရ ှားဆောင်ရွက်ရေးအဖွဲ့ (SWAN) က အစီရင်ခံစာထုတ်ပြန်ပြီး ရှမ်းပြည်နယ်တွင် စစ်တပ်က အနည်းဆုံး အမျိုး သမီး ၆၂၅ ဦးကို အဓမ္မပြုကျင့်ခဲ့ကြောင်း ဖော်ပြထားသည်။ နိုင်ငံတကာလွတ်ငြိမ်းချမ်း သာခွင့်အဖွဲ့ (AI) ကလည်း ရာနှင့်ချီသည့် ရှမ်းရွာသားများ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ် ခံရပြီး ရွာသား ၃ သိန်းကျော်မှာ ၎င်းတို့အိုးအိမ်များကို ၂ နှစ်ကျော်ကြာ စွန့်ခွာထွက် ပြေးခဲ့ရကြောင်း ထုတ်ပြန်သည်။ |

| | |
|---|---|
| ၂၀၀၁ | နိုင်ငံတကာဖိအားများနှင့် အတိုက်အခံများနှင့် ဆွေးနွေးပွဲရလဒ်အနေဖြင့် အစိုးရက နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်ကို လွှတ်ပေးခဲ့သည်။ သို့သော်လည်း ရာနှင့်ချီသည့် နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်များအတွင်း ဆက်လက်ရှိနေသေးသည်။ |
| ၂၀၀၃ | ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အဖွဲ့ဝင်များ စည်းရုံးရေးခရီးစဉ်မှအပြန် ဒီပဲရင်းကျေး ရွာအနီးတွင် အစိုးရက ကြိုတင်စီစဉ်ထားသည့်အတိုင်း အကြမ်းဖက်ရာ အနည်းဆုံး လူ ၇၀ ခန့်သေဆုံးသွားသည်။ ဇွန်လတွင် စစ်အစိုးရက တက္ကသိုလ်များကို ပိတ်ပစ်ပြီး၊ NLD ရုံးများအား ထပ်မံ ပိတ်ပစ်ခဲ့သည်။ များမကြာမီပင် အချက် ၁၇ ချက်ပါ ဒီမိုကရေစီ လမ်းပြမြေပုံကို ထုတ်ပြန်ခဲ့သည်။ |
| ၂၀၀၄ | ဇန်နဝါရီလတွင် အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) အကြားတွင် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ စတင်ခဲ့သည်။ ဇူလိုင်လတွင် ဝန်ကြီးချုပ်ဟောင်း ခင်ညွန့်အား လာဘ်ပေးလာဘ်ယူမှု၊ ခြစားမှုများအပါအဝင် အခြားပြစ်ဒဏ်များကြောင့် ဆိုင်းငံ့ပြစ်ဒဏ် ၄၄ နှစ်ချမှတ်ခဲ့သည်။ နိုဝင်ဘာလတွင် အကျဉ်းသား ၄ ထောင်နီးပါး လွတ်မြောက်လာပြီး၊ ၁၅ နှစ်ကျော်ကြာ အကျဉ်းချခံ နေရသည့် ကျောင်းသားခေါင်း ဆောင် မင်းကိုနိုင်လည်း လွတ်မြောက်လာသည်။ |
| ၂၀၀၆ | အစိုးရတပ်များက ကရင်ဒေသသို့ ထိုးစစ်ဆင်ခဲ့ပြီး စစ်ပြေးဒုက္ခသည်များ ကရင်ပြည် နယ် တောင်ပိုင်းနှင့် နီးစပ်ရာ ဒေသများသို့ ထွက်ပြေးကြရသည်။ |
| ရွှေဝါရောင် တော်လှန်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် | |
| ဇန်နဝါရီ ၂၀၀၇ | အစိုးရက အကျဉ်းသား ၃ ထောင်နီးပါး လွှတ်ပေးခဲ့သော်လည်း အဓိကကျသည့် နိုင်ငံရေးအကျဉ်းသားများမပါဝင်ပေ။ လုံခြုံရေးကောင်စီက မြန်မာနိုင်ငံအတွင်း လူ့အခွင့်အ ရေးချိုးဖောက်မှုများနှင့် နိုင်ငံရေးအရ ဖိနှိပ်ချုပ်ခြယ်မှုများ ရပ်ဆိုင်းရန် တောင်းဆိုမှုကို တရုတ်နှင့် ရုရှားက ကန့်ကွက်ခဲ့သည်။ |
| ဇူလိုင် ၂၀၀၇ | အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ဒေသဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်တရပ်ဖွဲ့စည်းရန် သဘောတူကြသည်။ |

| | |
|---|---|
| ဩဂုတ်-စက်တင်ဘာ ၂၀၀၇ | လောင်စာဆီ ဈေးတက်မှုကြောင့် လူထုမငြိမ်မသက်မှုများ ဖြစ်လာသည်။ စက်တင်ဘာ ၂၄ တွင် သံဃာ ၁သိန်းခန့် ရွှေတိဂုံရောင်တော်လှန်ရေးတွင် ပါဝင်လာကြသည်။ ၁၉၈၈ အရေးတော်ပုံနောက်ပိုင်း အကြီးဆုံး ဆန္ဒပြမှုဖြစ်သည်။ စက်တင်ဘာ ၂၆ တွင် အစိုးရ က အကြမ်းဖက်ဖြိုခွင်းသဖြင့် ၁၄၀ ဦးသေဆုံးကာ ၃၀၀၀ ခန့်ဖမ်းဆီးခံရသည်။ UN အထွေထွေညီလာခံအပါအဝင် နိုင်ငံတကာမှ ပြစ်တင်ရှုံ့ချခဲ့သည်။ |
| ဧပရယ်-မေ ၂၀၀၈ | အရပ်သားနှင့် စစ်အရာရှိများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးထားသည့် ပုဒ်မ ၄၄၅ အပါအဝင်၊ စစ်တပ်က လွှတ်တော်တွင် လေးပုံတပုံ အလိုအလျောက် နေရာရမည့်၊ ဒေါ်အောင် ဆန်းစုကြည်ကို သမ္မတဖြစ်ခွင့် တားဆီးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့သည်။ လူပေါင်း ၁သိန်းခွဲခန့် သေဆုံးခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် မဲပေးမှုများ နှောင်နှေးခဲ့သည်။ |
| စက်တင်ဘာ ၂၀၀၈ | မြန်မာနိုင်ငံတွင် ထောင်သက်အရှည်ဆုံး နိုင်ငံရေးအကျဉ်းသားတဦးဖြစ်သည့် ဦးဝင်း တင်သည် ထောင်တွင်း ၁၉ နှစ်ကြာအကျဉ်းချခံထားခြင်းမှ အခြား အကျဉ်းသား ၉ ထောင်ကျော်နှင့်အတူ လွတ်မြောက်လာသည်။ သူသည် ဒီမိုကရေစီရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ |
| စစ်တပ်ကျောထောက်နောက်ခံ ပြုထားသည့် အရပ်သားအစိုးရနှင့် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ် | |
| ၂၀၁၀ | နိုဝင်ဘာလတွင် စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် USDP က နှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမအကြိမ်ပြုလုပ်သည့် ရွေးကောက်ပွဲတွင် အောင်ပွဲခံကြောင်း ကြေ ငြာသည်။ သို့သော်လည်း ရွေးကောက်ပွဲတွင် မသမာမှုများရှိသည်ဟု အကြီးအကျယ် ပြစ်တင်ရှုံ့ချပြီး NLD က သပိတ်မှောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အ ကျယ်ချုပ်မှ လွတ်မြောက်လာသည်။ |
| မတ် ၂၀၁၁ | ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိန်သည် အရပ်သားအစိုးရ၏ သမ္မတအဖြစ် ကျန်းကျိန်ခဲ့ သည်။ အကျဉ်းသား ထောင်နှင့်ချီ၍ လွှတ်ပေးခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသား အ နည်းငယ်သာ ပါဝင်ခဲ့သည်။ |

| | |
|---|---|
| ဩဂုတ် ၂၀၁၁ | ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှု ဖိုရမ်သို့ တက်ရောက်ရန် ဖိတ် ကြားခံရသည်။ သူမသည် ရွေးကောက်ပွဲကာလမှစပြီး ပထမဆုံးအကြိမ်အဖြစ် ဦးသိန်း စိန်နှင့်တွေ့ဆုံခဲ့ပြီး လက်ရှိဖြစ်ပွားနေသည့် ပြည်တွင်းစစ်အပါအဝင် တိုင်းရင်းသားအ ရေး၊ နိုင်ငံရေးကိစ္စများ ဆွေးနွေးခဲ့သည်။ UN နှင့် အမေရိကန် အရာရှိများက အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို တွေ့ဆုံခဲ့သည်။ သမ္မတက ငြိမ်းချမ်းရေးအတွက် ကိုယ်စားလှယ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ |
| စက်တင်ဘာ ၂၀၁၁ | မြန်မာ့လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ အမှန်တရားနှင့် တရားမျှတမှုအ တွက် ဖြစ်နိုင်ချေရှိသည့် အဖွဲ့အစည်းအဖြစ်မှတ်ယူခဲ့သော်လည်း များမကြာမီမှာပင် လွတ်လပ်၊ ဘက်မလိုက်၊ ထိရောက်စွာ အလုပ်လုပ်နိုင်သည့် အဖွဲ့မဟုတ်ဟု ဝေဘန် လာကြသည်။ သမ္မတဦးသိန်းစိန်က တရုတ်အကူအညီဖြင့် တည်ဆောက်နေသည့် မြစ် ဆုံဆည် စီမံကိန်းကို ရပ်ဆိုင်းခဲ့သည်။ |
| အောက်တိုဘာ ၂၀၁၁ | အစိုးရသစ်က လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းသား ၂၀၀ လွှတ်ပေးသော် လည်း နိုင်ငံရေးအကျဉ်းသား အနည်းငယ်သာ ပါဝင်သည်။ အလုပ်သမားဥပဒေသစ်အ ရ သမဂ္ဂများဖွဲ့ခွင့်ပြုလိုက်သည်။ |
| ဒီဇင်ဘာ ၂၀၁၁ | NLD က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံပြန်တင်သည်။ သမ္မတက အပစ်ခတ်ရပ်စဲရန် အမိန့်ပေးသော်လည်း ကချင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားနေသော်လည်း ကရင် နှင့် ရှမ်းအဖွဲ့တို့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူမှု ရရှိကြသည်။ အမေရိကန် နိုင်ငံ ခြားရေးဝန်ကြီး ဟီလာရီကလင်တန် ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတ ဦးသိန်းစိန် တို့ နှင့် သီးခြားစီတွေ့ဆုံသည်။ |
| ဇန်နဝါရီ ၂၀၁၂ | ကရင် လက်နက်ကိုင်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့သဖြင့် နှစ်ပေါင်း ၆၀ ကျော်ကြာ တိုက်ပွဲများ အဆုံးသတ်လိုက်နိုင်သည်။ ၁၉ ၈၈ ကျောင်းသားခေါင်းဆောင်များ၊ ၂၀၀၇ သံဃာလှုပ်ရှားမှုဖြင့် အဖမ်းခံရသည့် ရဟန်းတော်များနှင့် တိုင်းရင်းသားအရေးလှုပ်ရှားသူများအပါအဝင် နိုင်ငံရေးအကျဉ်းသား ၁၀၀ ခန့် လွတ်မြောက်လာသည်။ |
| ဧပြီ ၂၀၁၂ | ၁၉၉၀ နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် NLD သည် ကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည်။ အမတ်နေရာ ၄၅ နေရာတွင် NLD က ၄၃ နေရာ အနိုင်ရရှိသည်။ |

| | |
|---|---|
| ဩဂုတ် ၂၀၁၂ | ဇွန်လအတွင်း ဖြစ်ပွားခဲ့သည့် ဗုဒ္ဓဘာသာနှင့် ရိုဟင်ဂျာ မွတ်စလင်တို့အကြား ဖြစ်ပွားခဲ့ သည့် အကြမ်းဖက်မှုများကြောင့် ဒါဇင်နှင့်ချီသေဆုံးပြီ လူ ၈ သောင်းကျော် ထွက်ပြေးခဲ့ ရသည့် ကိစ္စအား စုံစမ်းစစ်ဆေးရန် သမ္မတ ကော်မရှင်ဖွဲ့ပေးခဲ့သည်။ စာနစ်ဇင်းများအပေါ် စိစစ်မှုများကို ဖျက်သိမ်း၍ နှစ်ပေါင်း ၅၀ နီးပါးကာလအတွင်း ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေခွင့်ကို ခွင့်ပြုခဲ့သည်။ သို့သော်လည်း နိုင်ငံပိုင် သ တင်းစာများမှာ အင်အားကောင်းနေဆဲဖြစ်သည်။ လူပေါင်း ၂၀၀၀ ကျော်အား အမည် ပျက်စာရင်းမှ ပယ်ဖျက်ခဲ့ပြီး ပြည်ပြေးအချို့ ပြည်တော်ပြန်နိုင်ခဲ့သည်။ |
| အောက်တိုဘာ- နိုဝင်ဘာ ၂၀၁၂ | ဗုဒ္ဓဘာသာများနှင့် ရိုဟင်ဂျာ မွတ်စလင်များအကြား အကြမ်းဖက်မှုများ ပြန်လည်ဖြစ် ပွားပြီး လူ ၉ ၀ ခန့် သေဆုံးခဲ့သည်။ အကူအညီပေးရေးအဖွဲ့များက လူသားချင်းစာနာ သည့် အကြပ်အတည်းများ အဆိုးဆုံးဖြစ်နေသည်ဟု သတိပေးခဲ့သည်။ |
| နိုဝင်ဘာ ၂၀၁၂ | မြန်မာ့ငြိမ်းချမ်းရေးဗဟို (MPC) ကို ငြိမ်းချမ်းရေးလုပ်ငန်းများတွင် နည်းပညာအ ထောက်အကူပေးရန် အစိုးရက ဖွဲ့စည်းပေးခဲ့သည်။ |
| ဒီဇင်ဘာ ၂၀၁၂ | ဒေသခံ ရဲအရာရှိများက လက်ပန်းတောင်း ကြေးနီစီမံကိန်းအား ကန့်ကွက်ဆန္ဒပြသူ များအပေါ် အင်အားသုံးဖြိုခွင်းခဲ့မှုအပေါ် တောင်းပန်ခဲ့သည်။ |
| ဇန်နဝရီ- ဖေဖော်ဝါရီ ၂၀၁၃ | အစိုးရနှင့် ကချင်လက်နက်ကိုင်အဖွဲ့တို့ တိုက်ပွဲများရပ်ဆိုင်းပြီး နိုင်ငံရေးအရ ဆွေးနွေးမှု များ စတင်ခဲ့သည်။ ၂၅ နှစ်ကြာပြီးနောက် လူ ၅ ယောက်ထက် ပို၍ မစုဝေးရန် တားမြစ်ခဲ့မှုကို ရုပ်သိမ်းခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီကိုဖွဲ့၍ နိုင်ငံရေးအကျဉ်းသားများကိစ္စကို ဆောင်ရွက်ခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အ ကျဉ်းသား ၃၅၄ ဦးရှိရာမှ ဒါဇင်ခန့်အထိ လျော့ကျသွားသည်။ |
| ဖေဖော်ဝါရီ ၂၀၁၃ | အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တပ်ပေါင်းစု (UNFC) တို့ ပထမဆုံးအ ကြိမ်တွေ့ဆုံသည်။ တနှစ်အကြာတွင် UNFC က တနိုင်ငံလုံးအပစ်အခတ်ရ ပ်စဲရေးဆိုင် ရာ ညှိနှိုင်းဆောင် ရွက်ရေးအဖွဲ့ (NCCT) ကို ဖွဲ့စည်းခဲ့သည်။ |

| | |
|---|---|
| မတ် ၂၀၁၃ | မတ္ထီလာမြို့တွင် ဗုဒ္ဓဘာသာနှင့် မွတ်စလင်များအကြား ပဋိပက္ခဖြစ်ပွားပြီး လူ ၄၀ ကျော် သေဆုံးပြီး မွတ်စလင် ၁၂,၀၀၀ ခန့် ထွက်ပြေးကြရသည်။ အရေးပေါ်အခြေအနေ ကြေငြာခဲ့ရသည်။ |
| ဩဂုတ်-စက်တင်ဘာ ၂၀၁၃ | ရှစ်လေးလုံး ၂၅ နှစ်မြောက် အခမ်းအနားကို တရားဝင် ကျင်းပနိုင်ခဲ့ပြီး အစိုးရ ဝန်ကြီး ၂ ဦးတက်ရောက်သည်။ ကျောင်းသားများက ၁၉ ၈၈ ခုနှစ် အရေးတော်ပုံကို အကြမ်းဖက်ဖြိုခွင်းမှုအပေါ် တောင်းပန်ရန် တောင်းဆိုကြသည်။ နစ်နာခဲ့သူများအား အသိအ မှတ်ပြုရန် အဓိကဦးစားပေး တောင်းဆိုကြပြီး အမှတ်တရပွဲများ၊ စာရွက် စာတန်းများ ဖြန့်ချိခဲ့သည်။ စက်တင်ဘာလတွင် ၂၀၀၇ ရွှေဝါရောင် သံဃာလှုပ်ရှားမှုတွင် ပါဝင်ခဲ့ သည့် သံဃာများက ၆ နှစ်မြောက် အထိမ်းအမှတ်ပွဲတွင် တာဝန်ရှိသူများမှ တောင်းပန် ရန် တောင်းဆိုကြသည်။ |
| ဇန်နဝါရီ ၂၀၁၄ | ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များက အကျဉ်းထောင်များအတွင်း ကျဆုံးခဲ့သူ များအတွက် ဂုဏ်ပြုပွဲကျင်းပပြီး ယခင် စစ်အစိုးရတာဝန်ရှိသူများမှ တာဝန်ယူပေးရန် တောင်းဆိုကြသည်။ |
| ဧပြီ ၂၀၁၄ | အစိုးရတပ်နှင့် ကချင်လက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ |
| ဇန်နဝါရီ ၂၀၁၅ | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုနှင့် ငြိမ်းချမ်းစွာစုဝေးခွင့်အပေါ် ဖမ်းဆီးမှုများ ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည့် နိုင်ငံရေးအကျဉ်းသားများ ပြန်လည်စိစစ်ရေးကော်မတီကို အစိုး ရက ဖျက်သိမ်းလိုက်သည်။ |
| ဖေဖော်ဝါရီ ၂၀၁၅ | အစိုးရတပ်များနှင့် ကိုးကန့်တပ်များအကြား တိုက်ပွဲများပြင်းထန်လာသည့် ရှမ်းပြည် နယ်တွင် အရေးပေါ် အခြေအနေကြေငြာခဲ့သည်။ ဇန်နဝါရီတွင် စတင်ခဲ့သည့် ကျောင်း သားဆန္ဒပြပွဲများမှ ရာနှင့်ချီသည့် ကျောင်းသားများဖမ်းဆီးခံရသည်။ ဘရန်ရှောင်က သူ့သမီး သေဆုံးမှုနှင့်ပတ်သက်ပြီး MNHCR သို့ စာတင်ခဲ့သော်လည်း မဟုတ်မမှန် တိုင်ကြားသည်ဟု စွပ်စွဲကာ ဖမ်းဆီးခံရသည်။ |
| ဧပြီ ၂၀၁၅ | စာနယ်ဇင်းသမား များအား ဖမ်းဆီးထောင်ချမှုကို ကန့်ကွက်ဆန္ဒပြကြသည်။ |
| ဇူလိုင် ၂၀၁၅ | ပြည်ထဲရေး ဒုဝန်ကြီးက နိုင်ငံရေးအကျဉ်းသားဟု ပြဌာန်းမှုများ မရှိဟု ထုတ်ဖော် ပြောကြားခဲ့သည်။ |

| | |
|---|---|
| ဩဂုတ် ၂၀၁၅ | ၈၈ မျိုးဆက် ပွင့်လင်းနှင့် ငြိမ်းချမ်းရေးအဖွဲ့မှ ၈၈ အထိမ်းအမှတ်ပြတိုက် (ယာယီ) ကို ဖွင့်လှစ်ခဲ့သည်။ |
| စက်တင်ဘာ ၂၀၁၅ | ဒေါ်ခင်ခင်ကျော်သည် လက်ပန်းတန်း ကျောင်းသားဆန္ဒပြပွဲမှ ကျောင်းသားများဘက်မှ ရှေ့နေလိုက်ခဲ့၍ အကျဉ်းချခံရခြင်းနှင့် ရှေ့နေလိုင်စင် ရုပ်သိမ်းခံရသည်။ |
| အောက်တိုဘာ ၂၀၁၅ | တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို EAO ရှစ်ဖွဲ့က လက်မှတ်ရေး ထိုးသော်လည်း ကျန်သည့် EAO များက လက်မှတ်မရေးထိုးခဲ့ပေ။ |
| နိုဝင်ဘာ ၂၀၁၅ | ရွေးကောက်ပွဲ တွင် NLD မှ နေရာအများစုဖြင့် အောင်ပွဲခံခဲ့သည်။ |
| ဒီဇင်ဘာ ၂၀၁၅ | တရားစီရင်ရေး မဏ္ဍိုင်သည် ခြအစားဆုံး အဖွဲ့အစည်းဖြစ်ကာ အုပ်ချုပ်ရေး မဏ္ဍိုင်မှ ဩဇာလွှမ်းမိုးမှုရှိသည်ဟု လွှတ်တော်ရေးရာ ကော်မတီမှ ဝန်ခံထုတ်ဖော်သည်။ |
| မျှော်လင့်ချက် ရောက်ခြည်သစ်၊ ပဋိပက္ခသစ်နှင့် ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်မှုအတွက် ငံ့လင့်မှု | |
| ဇန်နဝါရီ ၂၀၁၆ | ပထမအကြိမ် နိုင်ငံတော် ငြိမ်းချမ်းမှုဖော်ဆောင်ရေး ညီလာခံကျင်းပသည်။ တချိန် တည်းမှာပင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးထားသည့် သမ္မတဟောင်းများအတွက် လုံခြုံရေးဆိုင်ရာ ဥပဒေကို ပြဌာန်းသည်။ မြေယာ သိမ်းဆည်းမှု တားဆီးရေးကော်မရှင်က မြေယာပြသနာကို မဖြေရှင်းနိုင်သေး၊ အစိုးရ လည်း သက်ဆိုင်ရာ ဥပဒေများ ပြဌာန်းနိုင်ရန် အကူအညီမပေးနိုင်ဟု ထုတ်ပြန်သည်။ |
| ဖေဖော်ဝါရီ ၂၀၁၆ | NLD မှ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများအဖြစ် (၁) အမျိုးသားပြန်လည် သင့် မြတ်ရေး (၂) ပြည်တွင်းငြိမ်းချမ်းရေး (၃) ဥပဒေစိုးမိုးရေး (၄) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး နှင့် (၅) ဒီမိုကရေစီရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြေငြာခဲ့သည်။ |

| | |
|---|---|
| မတ်-ဧပြီ ၂၀၁၆ | NLD မှ အစိုးရသစ်ကို ဖွဲ့စည်းလိုက်ပြီး ၁၉၆၂ မှစပြီး စစ်တပ်နှင့် မပတ်သက်သည့် ပထမဆုံး သမ္မတကို ရွေးချယ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားရေးဝန်ကြီး နှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် တာဝန်ယူသည်။<br>နိုင်ငံရေးအကျဉ်းသား ၁၉၆ ဦးလွတ်မြောက်လာပြီး ၂၀၁၅ လက်ပန်းတန်း ဆန္ဒပြပွဲမှာ ကျောင်းသား ၆၉ ဦးလွတ်မြောက်လာသည်။ အခြား နိုင်ငံရေးအကျဉ်းသားများ အ ကျဉ်းကျနေရဆဲဖြစ်သည်။ |
| ဇူလိုင် ၂၀၁၆ | လွှတ်တော်တွင် MNHRC သည် တိုင်ကြားမှုများသာ လက်ခံနေပြီး လူ့အခွင့်အရေးချိုး ဖောက်မှုများကို လွတ်လပ်စွာ စုံစမ်းဖော်ထုတ်ရန် ဆွေးနွေးကြသည်။<br>အမျိုးသားပြန် လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုကို ဖွဲ့စည်းသည် |
| ဩဂုတ် ၂၀၁၆ | ရွာသားများအား သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲခံရသည့် စစ်သား ၅ ဦး စစ်ခုံရုံးတင် စစ် ဆေးမှုတွင် နစ်နာသူများ၏ မိသားစုဝင်များ တက်ရောက် နားထောင်ခွင့်ရသည်။ နောက်ပိုင်းတွင် စစ်သားများအား လူသတ်မှုဖြင့် အပြစ်ပေးခဲ့သည်။<br>အစိုးရနှင့် EAOs များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်စေရန် ဒေါ်အောင် ဆန်းစုကြည်က ၂၁ ရာစုပင်လုံညီလာခံ ခေါ်ယူခဲ့သည်။ တက်ရောက်သူ ကိုယ်စား လှယ်များ၏ တင်ပြချက်ကို နိုင်ငံပိုင်မီဒီယာများ၊ ရုပ်မြင်သံကြားတို့မှ တိုက်ရိုက်ထုတ် လွှင့်ခဲ့သည်။ ညီလာခံသို့ အားလုံးတက်ရောက်ခွင့် မရပဲ လုပ်ထုံးလုပ်နည်းများကြောင့် တိုင်းရင်းသားကိုယ်စားလှယ်အ ချို့မှ ခွဲခြားဆက်ဆံခံရသည်ဟု ယူဆခဲ့ကြသည်။ |
| ဧပြီ-စက်တင်ဘာ ၂၀၁၆ | ပြည်နယ် ၅ ခုတွင် အစိုးရနှင့် EAO များအကြား တိုက်ပွဲများပြန်လည် ဖြစ်ပွားခြင်းနှင့်အ တူ လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ရှိခဲ့သည်။ |
| စက်တင်ဘာ ၂၀၁၆ | ညှဉ်းပန်းနှိပ်စက်မှု အမှုတခုတွင် ကော်မရှင်က ဥပဒေကြောင်းအရ တရားခံများအား တရားစွဲရမည့်အစား လျော်ကြေးလက်ခံရန် ဖိအားပေးသည်ဟု ဆိုကာ MNHRC အဖွဲ့ ဝင်အချို့ကို တာဝန်မှ ရုပ်သိမ်းခဲ့သည်။<br>ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြဿနာကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်တရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ |

| | |
|---|---|
| အောက်တိုဘာ ၂၀၁၆ | ရခိုင်ပြည်နယ်ရှိ ရဲစခန်းများ တိုက်ခိုက်ခံရပြီးနောက် စစ်တပ်က ရိုဟင်ဂျာများအပေါ် ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲချက်များ ပေါ်ထွက်ခဲ့သည်။ |
| ဒီဇင်ဘာ ၂၀၁၆ | ရှစ်လေးလုံးအထိမ်းအမှတ် ကျောက်တိုင်ကို ရှမ်းပြည်မြို့တော် တောင်ကြီးတွင် အရပ်ဖက် အဖွဲ့အစည်းများမှ စိုက်ထူခဲ့သည်။ |
| ဇန်နဝါရီ ၂၀၁၇ | ကိုဖီအာနန် ကော်မရှင်က ၂၀၁၆ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပေါ် စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။<br>အစိုးရနှင့် kIO တိုက်ပွဲများတွင် စစ်တပ်မှ လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်ခဲ့၍ ဒေသခံများ အကြီးအကျယ် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ |

